## ရေနံနှင့်ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (စက်သုံးဆီ/လေယာဉ်ဆီ တင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း) ခွင့်ပြုထုတ်ပေးနိုင်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်(SOP)

### လိုင်စင်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့်လိုင်စင်ထုတ်ပေးခြင်း

၁။ စက်သုံးဆီ/လေယာဉ်ဆီများကို ပြည်တွင်းတွင် လက်ကားဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်လိုသည့် ကုမ္ပဏီ/အဖွဲ့အစည်းသည် အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)သို့ ရေနံနှင့်ရေနံထွက်ပစ္စည်း လုပ်ငန်းလိုင်စင် (စက်သုံးဆီ/လေယာဉ်ဆီတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း)ကို အဆိုပြုလျှောက်ထားရမည်-

(က) လုပ်ငန်းလိုင်စင်လျှောက်ထားလွှာ (ကုမ္ပဏီ/အဖွဲ့အစည်း၏ ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်နှင့် Email Address ဖော်ပြပါရှိရမည်) နှင့် လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေး ကတ်ပြား(မိတ္တူ) (လျှောက်ထားသူသည် DICA ၏ Company Extract တွင် အမည်ပါရှိသူ ဖြစ်ရမည်)၊

( ခ) ကိုယ်စားလှယ်ဖြင့်ဆောင်ရွက်ပါက ကိုယ်စားလှယ်လွှဲစာ(မူရင်း)နှင့် ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊

( ဂ) ကုမ္ပဏီ/အဖွဲ့အစည်း ဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ် (မိတ္တူ)၊

(ဃ) လုပ်ငန်းလိုင်စင်လျှောက်ထားသည့် ကုမ္ပဏီ/အဖွဲ့အစည်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထားများ

(၁) သက်တမ်းရှိ Certificate of Exporter/ Importer Registration (မိတ္တူ)

(၂) သက်တမ်းရှိ Certificate of Membership of UMFCCI (မိတ္တူ)၊

(၃) သက်တမ်းရှိ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း (MPTA) အသင်းဝင်ကတ်(မိတ္တူ)၊

(၄) DICA မှ ထုတ်ပေးထားသော Update Company Extract ။

၂။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)သည် အဆိုပြုလျှောက်ထားချက်အပေါ် စစ်ဆေးပြီး ဌာန၏ သတ်မှတ်ချက်များနှင့်ကိုက်ညီပါက စွမ်းအင်ဝန်ကြီးဌာန၊ အမှုဆောင်ကော်မတီ အစည်းအဝေးသို့ စိစစ်ခွင့်ပြုနိုင်ရန် တင်ပြရမည်။

၃။ စွမ်းအင်ဝန်ကြီးဌာန၊ အမှုဆောင်ကော်မတီသည် ရေနံနှင့်ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (စက်သုံးဆီ/လေယာဉ်ဆီတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း) အဆိုပြုလျှောက်ထားမှုကို စိစစ်ပြီး ခွင့်ပြုခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်းပြုနိုင်သည်။ အကယ်၍လျှောက်ထားမှုကို ငြင်းပယ်ခဲ့လျှင် မည်သည့်

အကြောင်းကြောင့် ငြင်းပယ်ကြောင်း ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန မှတစ်ဆင့် လျှောက်ထားသူ (ကုမ္ပဏီ/အဖွဲ့အစည်း)ထံ အကြောင်းကြားမည်။

၄။ စွမ်းအင်ဝန်ကြီးဌာန၊ အမှုဆောင်ကော်မတီအစည်းအဝေးမှ ခွင့်ပြုချက်ရရှိပါက ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)သည် သတ်မှတ်ထားသည့် ကျသင့်သော အခကြေးငွေများကို ပေးသွင်းစေလျက် သက်တမ်း (၁)နှစ်ရှိ ရေနံနှင့်ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (စက်သုံးဆီ/လေယာဉ်ဆီတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း)ကို သက်ဆိုင်ရာ ကုမ္ပဏီ/အဖွဲ့အစည်းသို့ စိစစ်ခွင့်ပြုထုတ်ပေးမည်။

## လိုင်စင်သက်တမ်းတိုးခြင်း

၅။ လိုင်စင်ရရှိသူသည် လိုင်စင်ခွင့်ပြုထုတ်ပေးသည့်ရက်မှစတင်၍ လိုင်စင်သက်တမ်းမကုန်ဆုံးမီ (၃)လ ကြိုတင်၍ လိုင်စင်သက်တမ်းတိုးမြှင့်ခွင့်ပြုရန် အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)သို့ လျှောက်ထားရမည်-

(က) လုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်း လျှောက်ထားလွှာနှင့် လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ) (လျှောက်ထားသူသည် DICA ၏ Company Extract တွင် အမည်ပါရှိသူ ဖြစ်ရမည်)၊

(ခ) ကိုယ်စားလှယ်ဖြင့်ဆောင်ရွက်ပါက ကိုယ်စားလှယ်လွှဲစာ(မူရင်း)နှင့် ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊

(ဂ) ကုမ္ပဏီ/အဖွဲ့အစည်း ဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ် (မိတ္တူ)၊

(ဃ) သက်တမ်းရှိ Certificate of Exporter / Importer Registration (မိတ္တူ)၊

(င) သက်တမ်းရှိ Certificate of Membership of UMFCCI (မိတ္တူ)၊

(စ) သက်တမ်းရှိ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း(MPTA) အသင်းဝင်ကတ် (မိတ္တူ)၊

(ဆ) DICA မှထုတ်ပေးထားသော Update Company Extract ၊

(ဇ) သက်ဆိုင်ရာ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ဆိုင်ရာသဘောထားမှတ်ချက် (ထောက်ခံချက်)၊

(ဈ) ရေနံနှင့်ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (စက်သုံးဆီ/လေယာဉ်ဆီတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း) (မူရင်း)၊

၆။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)သည် ရေနံနှင့်ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင်(စက်သုံးဆီ/လေယာဉ်ဆီတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း) သက်တမ်းတိုးမြှင့်ခွင့်ပြုရန် တင်ပြလျှောက်ထားလာပါက လုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိပါက သတ်မှတ်ထားသည့် ကျသင့်သော အခကြေးငွေများ ပေးသွင်းစေပြီး လုပ်ငန်းလိုင်စင်သက်တမ်း (၁)နှစ်တိုးမြှင့်ပေးမည်။

## လိုင်စင်ကတ်ပျက်စီး သို့မဟုတ် ပျောက်ဆုံး၍ မိတ္တူမှန်လျှောက်ထားခြင်း

၇။ ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (စက်သုံးဆီ/လေယာဉ်ဆီ တင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း) ပျက်စီး သို့မဟုတ် ပျောက်ဆုံး၍ မိတ္တူမှန် ထုတ်ယူခွင့်ပြုပါရန် အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)သို့ လျှောက်ထားရမည်-

(က) လိုင်စင်ကတ်ပျက်စီး သို့မဟုတ် ပျောက်ဆုံး၍ မိတ္တူမှန် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလွှာနှင့် လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ) (လျှောက်ထားသူသည် DICA ၏ Company Extract တွင် အမည်ပါရှိသူ ဖြစ်ရမည်)၊

(ခ) ကိုယ်စားလှယ်ဖြင့် ဆောင်ရွက်ပါက ကိုယ်စားလှယ်လွှဲစာ(မူရင်း)နှင့် ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊

(ဂ) လိုင်စင်ကတ်ပျက်စီး သို့မဟုတ် ပျောက်ဆုံးကြောင်း ကုမ္ပဏီ/အဖွဲ့အစည်း၏ ကတိဝန်ခံချက်(မူရင်း)၊

(ဃ) လိုင်စင်ကတ်ပျက်စီး သို့မဟုတ် ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း သက်ဆိုင်ရာနယ်မြေရဲစခန်း၏ ထောက်ခံချက်(မူရင်း)၊

(င) လိုင်စင်ကတ်ပျက်စီး သို့မဟုတ် ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်(မူရင်း)၊

၈။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (စက်သုံးဆီ/လေယာဉ်ဆီ တင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း) ပျက်စီး သို့မဟုတ် ပျောက်ဆုံး၍ မိတ္တူမှန် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပြီး သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိပါက သတ်မှတ်ထားသည့် ကျသင့်သော အခကြေးငွေများ ပေးသွင်းစေပြီး လုပ်ငန်းလိုင်စင်မိတ္တူမှန် ထုတ်ပေးမည်။

## ပိုင်ရှင်လွှဲပြောင်းခြင်း

၉။ ခွင့်ပြုထုတ်ပေးထားသော ရေနံနှင့်ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (စက်သုံးဆီ/လေယာဉ်ဆီ တင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း)သည် ကုမ္ပဏီ/အဖွဲ့အစည်းကိုသာ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်း ဖြစ်သည်။ လုပ်ငန်းလိုင်စင်ခွင့်ပြုထုတ်ပေးထားသော ကုမ္ပဏီ/အဖွဲ့အစည်း၏ ပိုင်ရှင်လွှဲပြောင်းလိုပါက ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)သို့ ပိုင်ရှင်လွှဲပြောင်းခွင့်ပြုပါရန် အောက် ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာဖြင့် လျှောက်ထားရမည်-

(က) ပိုင်ရှင်လွှဲပြောင်းခွင့်ပြုပါရန် လျှောက်ထားလွှာနှင့် လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)) (လျှောက်ထားသူသည် DICA ၏ Company Extract တွင် အမည်ပါရှိသူ ဖြစ်ရမည်)၊

(ခ) ကိုယ်စားလှယ်ဖြင့်ဆောင်ရွက်ပါက ကိုယ်စားလှယ်လွှဲစာ(မူရင်း)နှင့် ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေး ကတ်ပြား(မိတ္တူ)၊

(ဂ) DICA မှထုတ်ပေးထားသော Update Company Extract

(ဃ) ရေနံနှင့်ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (စက်သုံးဆီ/လေယာဉ်ဆီ တင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း) (မူရင်း)၊

(င) ကုမ္ပဏီ၏ အစည်းအဝေးမှတ်တမ်း၊

(စ) မူလအစုရှယ်ယာရှင်နှင့် အစုရှယ်ရာ ၅၀% အထက်ကျော်လွန်သော အစုရှယ်ယာရှင် အသစ်တို့၏ နှစ်ဦးသဘောတူ မှတ်ပုံတင်ထားသည့်စာချုပ်(မိတ္တူ)။

၁၀။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (စက်သုံးဆီ/လေယာဉ်ဆီတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း) ပိုင်ရှင်လွှဲပြောင်းခွင့်ပြုပါရန် လျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပြီး သတ်မှတ်ချက်နှင့်ကိုက်ညီမှုရှိပါက သတ်မှတ်ထားသည့် ကျသင့်သော အခကြေးငွေများ ပေးသွင်းစေပြီး ပိုင်ရှင်လွှဲပြောင်းထားသော လုပ်ငန်းလိုင်စင်ကို မူလလိုင်စင်သက်တမ်းအတိုင်း ခွင့်ပြုထုတ်ပေးမည်။

**အမည်ပြောင်းလဲခြင်း**

၁၁။ မူလခွင့်ပြုထုတ်ပေးထားသော ရေနံနှင့်ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင်(စက်သုံးဆီ/လေယာဉ်ဆီတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း)၏ ကုမ္ပဏီ/အဖွဲ့အစည်းအမည်ပြောင်းလဲလိုသူသည် အမည်ပြောင်းလဲခွင့်ပြုရန် အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)သို့ လျှောက်ထားရမည်-

(က) လုပ်ငန်းလိုင်စင်အမည်ပြောင်းခြင်း လျှောက်ထားလွှာ (ကုမ္ပဏီ/အဖွဲ့အစည်း၏ ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်နှင့် Email Address ဖော်ပြပါရှိရမည်)နှင့် လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)၊ (လျှောက်ထားသူသည် DICA ၏ Company Extract တွင် အမည်ပါရှိသူ ဖြစ်ရမည်)

(ခ) ကိုယ်စားလှယ်ဖြင့်ဆောင်ရွက်ပါက ကိုယ်စားလှယ်လွှဲစာ(မူရင်း)နှင့် ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊

(ဂ) ကုမ္ပဏီ၏ အစည်းအဝေး မှတ်တမ်း၊

(ဃ) အမည်ပြောင်းလဲထားသော ကုမ္ပဏီ/အဖွဲ့အစည်း ဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ်မိတ္တူ (ကုမ္ပဏီမှတ်ပုံတင်အမှတ်တူညီရမည်)၊

(င) အမည်ပြောင်းလဲထားသော Certificate of Exporter/ Importer Registration (မိတ္တူ)၊

(စ) အမည်ပြောင်းလဲထားသော Certificate of Membership of UMFCCI (မိတ္တူ)၊

(ဆ) အမည်ပြောင်းလဲထားသောမြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း (MPTA) အသင်းဝင်ကတ် (မိတ္တူ)၊

(ဇ) DICA မှ ထုတ်ပေးထားသော အမည်ပြောင်းလဲထား သည့် Company Extract

(ဈ) ရေနံနှင့်ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (စက်သုံးဆီ/လေယာဉ်ဆီတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း) မူရင်း။

၁၂။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)သည် လျှောက်ထားချက်အပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီပါက သတ်မှတ်ထားသည့် ကျသင့်သောအခကြေးငွေများ ပေးသွင်းစေပြီး အမည်ပြောင်းလဲထားသော ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (စက်သုံးဆီ/လေယာဉ်ဆီတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း)ကို ယခင်လိုင်စင်သက်တမ်းအတိုင်း ခွင့်ပြုထုတ်ပေးရမည်။

**လုပ်ငန်းလိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း**

၁၃။ လုပ်ငန်းလိုင်စင်ရရှိထားသော ကုမ္ပဏီ/အဖွဲ့အစည်းသည် လုပ်ငန်းလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ယာယီရပ်ဆိုင်းလိုပါက အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြလျှောက်ထားရမည်-

(က) လုပ်ငန်းလိုင်စင်ကို ယာယီရပ်ဆိုင်းလိုကြောင်း လျှောက်ထားလွှာ (ယာယီရပ်ဆိုင်းလိုသည့် ကာလအပိုင်းအခြား ဖော်ပြရမည်၊ လျှောက်ထားသူသည် DICA ၏ Company Extract တွင် အမည်ပါရှိသူ ဖြစ်ရမည်)၊

(ခ) ကုမ္ပဏီ၏ အစည်းအဝေးမှတ်တမ်း၊

(ဂ) ရေနံနှင့်ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (စက်သုံးဆီ/လေယာဉ်ဆီတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း) (မူရင်း)။

၁၄။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် လျှောက်ထားလာမှုအား စိစစ်၍ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူပြီး ကုမ္ပဏီ/အဖွဲ့အစည်းသို့ လုပ်ငန်းလိုင်စင်ကို ယာယီရပ်ဆိုင်းကြောင်း ကာလအကန့်အသတ်ဖော်ပြ၍ အကြောင်းကြားစာ ပေးပို့ရမည်။

၁၅။ လုပ်ငန်းလိုင်စင်ရရှိထားသော ကုမ္ပဏီ/အဖွဲ့အစည်းသည် လုပ်ငန်းလိုင်စင်ကို သက်တမ်းတိုးရန် (၁၈၀)ရက်နှင့်အထက် ပျက်ကွက်ပါက ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ်(၂၀၅/၂၀၂၁)အရ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူပြီး ကုမ္ပဏီ/အဖွဲ့အစည်းသို့ လုပ်ငန်းလိုင်စင်ကို (၆)လ ယာယီရပ်ဆိုင်းကြောင်း ကာလအကန့်အသတ် ဖော်ပြ၍ အကြောင်းကြားစာ ပေးပို့ရမည်။

၁၆။ လုပ်ငန်းလိုင်စင်ရရှိထားသော ကုမ္ပဏီ/အဖွဲ့အစည်းသည် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေပုဒ်မ ၃၁ ပုဒ်မခွဲ(က)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း စိစစ်တွေ့ရှိရပါက ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် စွမ်းအင်ဝန်ကြီးဌာန၊ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူပြီး ကုမ္ပဏီ/အဖွဲ့အစည်းသို့ လုပ်ငန်းလိုင်စင်ကို ယာယီရပ်ဆိုင်းကြောင်း ကာလအကန့်အသတ် ဖော်ပြ၍ အကြောင်းကြားစာပေးပို့ရမည်။

၁၇။ ကာလအကန့်အသတ်ဖြင့် ယာယီရပ်ဆိုင်းထားသော လုပ်ငန်းလိုင်စင်များ၏ မူရင်းလိုင်စင်ကတ်အား ယာယီရပ်ဆိုင်းထားစဉ်ကာလအတွင်း ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)သို့ ပြန်လည်အပ်နှံထားရမည်ဖြစ်သည်။

၁၈။ ကာလအကန့်အသန့်ဖြင့် ယာယီရပ်ဆိုင်းထားသော လုပ်ငန်းလိုင်စင်များမှ လုပ်ငန်းဆောင်ရွက်လိုကြောင်း လိုင်စင်သက်တမ်းတိုးခြင်းဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများဖြင့် ပြန်လည်လျှောက်ထားလာပါက အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်လိုင်စင်ကြေးငွေကို တွက်ချက်ပြီး ပေးသွင်းစေပြီး ယခင်လိုင်စင်သက်တမ်းအတိုင်း လုပ်ငန်းလိုင်စင်ကို ခွင့်ပြုထုတ်ပေးပြီး စွမ်းအင်ဝန်ကြီးဌာန၊ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီသို့ တင်ပြ၍ မှတ်တမ်းတင်အတည်ပြုရမည်။

၁၉။ လုပ်ငန်းလိုင်စင်အား ယာယီရပ်ဆိုင်းထားစဉ်ကာလအတွင်း အကြုံးဝင်သည့် သက်တမ်းလွန်ရက်များကို ရက်လွန်ဒဏ်ကြေးအဖြစ် ထည့်သွင်းရေတွက်ခြင်း မပြုရ။

**လုပ်ငန်းလိုင်စင်ကို အမြဲတမ်း ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း**

၂၀။ လုပ်ငန်းလိုင်စင်ရရှိထားသော ကုမ္ပဏီ/အဖွဲ့အစည်းသည် လုပ်ငန်းလိုင်စင်ကို အမြဲတမ်းရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ဆောင်ရွက်လိုပါက အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြလျှောက်ထားရမည်-

(က) လုပ်ငန်းလိုင်စင်ကို အမြဲတမ်း ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ဆောင်ရွက်လိုကြောင်း လျှောက်ထားလွှာနှင့် လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ) (လျှောက်ထားသူသည် DICA ၏ Company Extract တွင် အမည်ပါရှိသူ ဖြစ်ရမည်)၊

(ခ) ကုမ္ပဏီ၏ အစည်းအဝေးမှတ်တမ်း၊

(ဂ) ရေနံနှင့်ရေနံထွက်ပစ္စည်းလုပ်ငန်းလိုင်စင် (စက်သုံးဆီ/လေယာဉ်ဆီတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း) မူရင်း။

၂၁။ လုပ်ငန်းလိုင်စင်ကို သက်တမ်းတိုးရန် (၁၈၁)ရက်နှင့်အထက် ပျက်ကွက်ပြီးနောက် ယာယီရပ်ဆိုင်း ပြစ်ဒဏ် (၆)လ ကာလအတွင်း၌ဖြစ်စေ၊ ယာယီရပ်ဆိုင်းပြစ်ဒဏ် (၆)လ ကျော်လွန်ပြီးနောက် (၁)နှစ် မပြည့်မီတွင်ဖြစ်စေ သက်ဆိုင်ရာ ကုမ္ပဏီ/အဖွဲ့အစည်းမှ အမြဲတမ်း ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ဆောင်ရွက်လိုကြောင်း တင်ပြလာပါက ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီသို့ တင်ပြ၍

အတည်ပြုချက်ရယူပြီး ကုမ္ပဏီ/အဖွဲ့အစည်းသို့ လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ကြောင်း အကြောင်းကြားစာ ပေးပို့ရမည်။

၂၂။ လုပ်ငန်းလိုင်စင်ကို သက်တမ်းတိုးရန် (၁၈၁)ရက်နှင့်အထက် ပျက်ကွက်၍ လုပ်ငန်းလိုင်စင်ကို (၆)လ ယာယီရပ်ဆိုင်းထားသော ကုမ္ပဏီ/အဖွဲ့အစည်းသည် ယာယီရပ်ဆိုင်းကာလ ပြည့်မြောက်ပြီးနောက် (၁)နှစ်တိတိကာလအတွင်း လာရောက်သက်တမ်းတိုးရန် ပျက်ကွက်ခဲ့ပါက ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် စွမ်းအင်ဝန်ကြီးဌာန၊ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူပြီး ကုမ္ပဏီ/အဖွဲ့အစည်းသို့ လုပ်ငန်းလိုင်စင်ကို ပယ်ဖျက်ကြောင်း အကြောင်းကြားစာပေးပို့ရမည်။

၂၃။ လုပ်ငန်းလိုင်စင်ကို အမြဲတမ်း ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ထားသော ကုမ္ပဏီ/အဖွဲ့အစည်းမှ လုပ်ငန်းပြန်လည်ဆောင်ရွက်လိုလျှင် အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)သို့ လုပ်ငန်းလိုင်စင်အား ပြန်လည်တင်ပြလျှောက်ထားရမည်-

(က) စက်သုံးဆီ/လေယာဉ်ဆီတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်းကို ပြန်လည်လုပ်ကိုင်လိုကြောင်း လျှောက်ထားလွှာ (လျှောက်ထားသူသည် DICA ၏ Company Extract တွင် အမည်ပါရှိသူ ဖြစ်ရမည်)

(ခ) ကုမ္ပဏီ၏ အစည်းအဝေးမှတ်တမ်း၊

(ဂ) ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ လုပ်ငန်းလိုင်စင်ကို အမြဲတမ်းရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ကြောင်း အကြောင်းကြားစာ မူရင်းနှင့်မိတ္တူ၊

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ လုပ်ငန်းလိုင်စင် ပြန်လည်လျှောက်ထားခြင်းအတွက် ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊

(င) ကုမ္ပဏီ/အဖွဲ့အစည်း ဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ် (မိတ္တူ)၊

(စ) လိုင်စင်လျှောက်ထားသည့် ကုမ္ပဏီ/အဖွဲ့အစည်းနှင့် သက်ဆိုင်သည့် စာရွက်စာတမ်း အထောက်အထားများ

(၁) သက်တမ်းရှိ Certificate of Exporter/ Importer Registration (မိတ္တူ)

(၂) သက်တမ်းရှိ Certificate of Membership of UMFCCI (မိတ္တူ)၊

(၃) သက်တမ်းရှိ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း (MPTA) အသင်းဝင်ကတ်(မိတ္တူ)၊

(၄) DICAမှ ထုတ်ပေးထားသော Update Company Extract ။

၂၄။ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် လုပ်ငန်းလိုင်စင် ပြန်လည်လျှောက်ထားလာမှုအား စွမ်းအင်ဝန်ကြီးဌာန၊ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီသို့ တင်ပြရမည်။ ကော်မတီမှ ခွင့်ပြုပါက ကုမ္ပဏီ/အဖွဲ့အစည်းနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထားများကို စိစစ်ပြီးနောက် အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ကျသင့်လိုင်စင်ကြေးငွေကို တွက်ချက်၍ ပေးသွင်းစေပြီး လုပ်ငန်းလိုင်စင်အသစ်ကို ခွင့်ပြုထုတ်ပေး၍ စွမ်းအင်ဝန်ကြီးဌာန၊ အမှုဆောင်ကော်မတီအစည်းအဝေးသို့ တင်ပြ၍ မှတ်တမ်းတင်အတည်ပြုရမည်။